၁၅-၂၁ ဩဂုတ် ၂၀၁၇ Vol.76

CHINA·YUNNAN
HEADLINE

Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# ကမ္ဘာ့အကြီးဆုံးလုပ်ငန်း(၅၀၀)အနက် ယူနန်အတွင်းသို့(၆)ခုဝင်ရောက်

ယခုရက်ပိုင်းယူနန်ပြည်နယ်ရင်းနှီးခေါ်ယူညွှန်ကြားရေးမှူးရုံးမှ ယခုနှစ်ရှေ့နှစ်ဝက်တွင်ကမ္ဘာ့အကြီးဆုံးလုပ်ငန်း(၅၀၀)အနက်Appleအပါအဝင် လုပ်ငန်း(၆)ခုကို ယူနန်အတွင်းသို့ တင်သွင်းခဲ့ကြောင်းသိရသည်။ ထို့အတူ ပြည်နယ်အပြင်မှ စစ်မှန်ရောက်ရှိသည့်အရင်းငွေပေါင်း (၄၂၇. ၉၃)ဘီလီယံရှိခဲ့ပြီး တူညီချိန်နှင့်နှိုင်းယှဉ်နှုန်း(၁၈. ၇%)တိုးမြှင့်ခဲ့သည်။ ပြင်ပရင်းနှီးမှုစစ်မှန်အသုံးပြုငွေမှာ ဒေါ်လာသန်းပေါင်း(၆၁၂)ဖြစ်ပြီး တူညီချိန်နှင့်နှိုင်းယှဉ်မှုနှုန်း(၂၁. ၈%) တိုးမြှင့်ခဲ့သည်။

ယခုနှစ်ရှေ့နှစ်ဝက်တွင် ယူနန်သည် အလေးပါနိုင်ငံနှင့်ဒေသများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ဖလှယ်မှုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ခဲ့သည်။ ဦးဆောင်စုစည်းပြီး အင်္ဂလန်၊ အိုင်ယာလန်သို့သွားရောက်ကာ လုပ်ငန်းရင်းနှီးခေါ်ယူလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့သည်။ ကျန်းမာရေးလုပ်ငန်းအရင်းနှီးခေါ်ဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပခဲ့သည်။ အစ္စရေး၊ ဂျာမနီစသည့်နိုင်ငံများသို့သွားရောက်ပြီး အထူးခေါင်းစဉ်ဖြင့် ရင်းနှီးမှုခေါ်ယူသည့် လှုပ်ရှားမှုများကို လုပ်ဆောင်ကာ ကမ္ဘာ့အကြီးဆုံးလုပ်ငန်း(၅၀၀)အတွင်းရှိလုပ်ငန်းများနှင့်ချိတ်ဆက်ခဲ့သည်။ တက်ကြွစွာကြိုးပမ်းမှုဖြင့် ရှေ့နှစ်ဝက်တွင် Apple၊ MIZUHO BANK၊ CEFC China Energy၊ အမေရိကန်နိုင်ငံ GEဆေးဝါးကုသမှုအုပ်စုစသည့် ကမ္ဘာ့အကြီးဆုံးလုပ်ငန်း(၅၀၀)အနက်လုပ်ငန်း(၆)ခုကို အသစ်တင်သွင်းနိုင်ခဲ့သည်။ Deloitte၊ PWC စသည့် ကမ္ဘာကျော်တတိယအပိုင်းဝန်ဆောင်မှုလုပ်ငန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကာကမ္ဘာ့အကြီးဆုံးလုပ်ငန်း(၅၀၀)နှင့်ချိတ်ဆက်သည့်လမ်းကြောင်းကို ချဲ့ထွင်နေပါတော့သည်။

ထို့အတူ ရှင်ဟွာအုပ်စု၊ ချန်ချိန်ရုပ်သံစသည့်နာမည်ကျော် အကြီးစားလုပ်ငန်းများကိုတင်သွင်းခြင်းဖြင့် ယူနန်အတွင်းသို့ လုပ်ငန်းအများကြီးဝင်ရောက်သည့် ကောင်းမွန်သောအရှိန်အဟုန်ကို ဖြစ်မြောက်စေနိုင်ခဲ့ပါသည်။

သက်ဆိုင်ရာသတင်းများ

## ယူနန်ရင်းနှီးခေါ်ယူ ဒေတာအချက်အလက် ကိန်းဂဏန်းစင်တာကိုလာမည့်နှစ်တွင်ဆောက်လုပ်ပြီးစီးမည်

ယူနန်ပြည်နယ်အရင်းနှီးခေါ်ယူပူးပေါင်းဆောင်ရွက်မှုညွှန်ကြားရေးမှူးရုံးမှ "ယူနန်ရင်းနှီးခေါ်ယူ ဒေတာအချက်အလက်ကိန်းဂဏန်းစင်တာ" စီမံကိန်း (အောက်တွင် "ကိန်းဂဏန်းစင်တာ"ဟုခေါ်ဝေါ်သည်)သည် ယခုပထမကာလလုပ်ငန်းပြီးစီးပြီး၍ လုပ်ငန်းအားလုံးကို ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ကြောင်းသတင်းရရှိခဲ့သည်။ ယင်းသည်လည်း တရုတ်နိုင်ငံအတွင်း ပထမဆုံးသောရင်းနှီးမှုခေါ်ယူသည့် အလုပ်နယ်ပယ်၏ ဒေတာအချက်အလက်ကိန်းဂဏန်းစင်တာဖြစ်သည်။

အဆိုပါစင်မြင့်သည် ပြည်နယ်တစ်ခုလုံးအလေးပါလုပ်ငန်းစီမံကိန်း၊ တစ်ကမ္ဘာလုံးအလေးပါလုပ်ငန်း၊ သုတေသနဌာန၊ ငွေကြေးစီးပွားရေးဌာနအဖွဲ့အစည်းများစသည့် ဒေတာအချက်အလက်ကိန်းဂဏန်း အကြောင်းအရာများပါဝင်ပါသည်။ စီမံကိန်း Database၊ ရင်းနှီးမှုစီးပွား Database၊ အင်တာနက်ဝပ်ဆိုက်၊ ရှာဖွေခြင်းနှင့် ကိန်းဂဏန်းသုံးသပ်စနစ်စသည့် ကော်လံ(၁၃)ခုကို တည်ဆောက်မည်ဖြစ်သည်။ အဆိုပါစင်တာသည် ကိန်းဂဏန်းများကို စုဆောင်း၊ သုံးသပ်၊ တွက်ချက်ခြင်းဖြင့် "စီမံကိန်းအတွက်ရင်းနှီးလုပ်ငန်းများရှာဖွေ၊ ရင်းနှီးရှင်များအတွက်စီမံကိန်းရှာဖွေ"ဟူသော ပန်းတိုင်ကို ဖြစ်မြောက်စေမည်ဖြစ်သည်။

သတင်းထောက် သတင်းယူစဉ်တွင်သိရသည်မှာ- အဆိုပါစင်မြင့်၌ virtual reality နှင့် artificial intelligence စသည့် အဆင့်မြင့်နည်းပညာများကို မှီထားသည်ကိုတွေ့ရှိရသည်။ ဒေတာကိန်းဂဏန်းစင်တာမှ စီမံကိန်းပတ်ဝန်းကျင်ကိုစံနမူနာပြပြီး စီမံကိန်းကို "မြင်တွေ့"ရခြင်းဖြင့်ရင်းနှီးရှင်များအတွက် စီမံကိန်းများကို ပိုမိုကောင်းစွာရွေးချယ်နိုင်မည်ဖြစ်သည်။ အလုပ်ခွင်တွင် စက်ရုပ်ကိုတပ်ဆင်ထားပြီး လာရောက်ကြည့်ရှုသူများအတွက် ပိုမိုအသေးစိတ်ကောင်းမွန်သော ဖြေကြားချက်ဝန်ဆောင်မှုကို ပြုလုပ်မည်ဖြစ်သည်။

(ဤသတင်းစာအထွေထွေ)

## တီမေထက်ရှေလီဘူမိအပူလျှပ်စစ်ဓာတ်အားပေးစီမံကိန်း စမ်းသပ်မှုအောင်မြင်

ယခုရက်ပိုင်းကျိန့်ကျိုးတီမေထက်စွမ်းအင်အသစ်နည်းပညာကုမ္ပဏီလီမိတက် "ရှေလီ(၁၀၀)မဂ္ဂါဝပ်ဘူမိလျှပ်စစ်ဓာတ်အားပေးစီမံကိန်း" ပထမကာလပထမဆုံး(၁)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးဆိုင်ရာ စက်ကိရိယာအသုံးပြုသည့်လျှပ်စစ်မီးအားထုတ်လွှတ်ခြင်းစမ်းသပ်မှု ပထမဆုံးအကြိမ်အောင်မြင်ခဲ့ကြောင်းသိရပါသည်။ တရုတ်နိုင်ငံ၏ဘူမိအပူလျှပ်စစ်ဓာတ်အားပေး နည်းပညာစက်ကိရိယာအသစ်အသုံးချခြင်းနှင့် ဘူမိအပူစွမ်းအင်ဖွံ့ဖြိုးမှုအသုံးပြုသည့်အပိုင်းကဏ္ဍပေါ်တွင် ကြီးမားသောထိုးဖောက်မှုနှင့်ဆန်းသစ်မှုကိုရရှိခဲ့ခြင်းဖြစ်သည်။



ဘူမိအပူသည် အင်အားကြီးမားကျယ်ပြန့်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ အသုံးပြုလမ်းကြောင်းကျယ်ပြန့်ခြင်း၊ တည်ငြိမ်မှုအားကောင်းခြင်း၊ ပြန်လည်အသုံးပြုနိုင်ခြင်းစသည့် ထူးခြားချက်များရှိကြောင်း မိတ်ဆက်ခြင်းအရသိရသည်။ ၂၀၀၉ခုနှစ်မှစပြီး ကျိန့်ကျိုးတီမေထက်စွမ်းအင်အသစ်သိပ္ပံနည်းပညာကုမ္ပဏီလီမိတက်သည် ဘူမိအပူလျှပ်စစ်ဓာတ်အားပေးခြင်းဆိုင်ရာ ဇဟိုနည်းပညာအပေါ် အထူးလေ့လာစမ်းသပ်ခဲ့သည်။ စွမ်းအားပေးစက်၊ လျှပ်စစ်ဓာတ်အားပေးစက်၊ အာရုံခံစက်၊ အအေးခံကိရိယာစသည်တို့အပါအဝင်ဖြစ်သော လျှပ်စစ်ကိရိယာများကို ကွန်တိန်နာအတွင်းသို့တပ်ဆင်ထားပြီး ပြန့်ကျဲပုံစံကွန်တိန်နာ ဘူမိအပူလျှပ်စစ်ထုတ်လွှတ်မှုနည်းလမ်းအသစ်ကို ဆန်းသစ်တီထွင်ခဲ့သည်။ ထို့အတူ မြင့်မားသောစမတ်ပုံစံကို ဖြစ်မြောက်စေခဲ့သည်။ ပုံမှန်မဟုတ်သောအခြေအနေဖြစ်ပေါ်လာပါက လျှပ်စစ်ဓာတ်အားပေးစက်ကို အော်တိုဖြတ်တောက်နိုင်ပြီးအသိပေးသံများပေးကာ မော်ကျူးအတွင်းတွင် ပိတ်ပင်ထားမည်ဖြစ်သည်။

(ရန်စူးရန့်)

# မြန်မာနိုင်ငံအားထောက်ပံ့ပေးသည့် အားကစားနည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းပြီးစီး

ယခုရက်ပိုင်း ကူမင်းဟိုင်ကိန်စခန်းနှင့်ဟူနန်နှစ်နေရာတွင် မြန်မာနိုင်ငံအားထောက်ပံ့သည့် ၂၀၁၇ခုနှစ် အားကစားနည်းပညာပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအတွက် "တရုတ်နိုင်ငံမှာ သင်တန်းသင်ယူမှုရလဒ် သတင်းစာရှင်းလင်းပွဲနှင့် နှုတ်ဆက်ပွဲအခမ်းအနား"ကိုကျင်းပခဲ့သည်။ အချိန်(၃)လကြာ သင်တန်းပေးဖလှယ်မှုဖြင့် မြန်မာနိုင်ငံ နိုင်ငံတော် အားကစားအဖွဲ့(၁၃)ခုမှာ အောင်မြင်စွာသင်တန်းတာဝန်ပြီးဆုံးခဲ့ပြီဖြစ်သည်။

ယခုနှစ်၏ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းသည် မြန်မာနိုင်ငံအား (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွင်း ပါဝင်ရန်အတွက် ကြိုတင်လေ့ကျင့်ပေးခြင်းဖြစ်သည်။ တရုတ်နိုင်ငံကော်မာရှယ်ဌာနမှ ကြီးမှူးကျင်းပပြီး ယူနန်နှင့်ဟူနန်နှစ်နေရာတွင် ထောက်ကူပြုသင်တန်းပေးတာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ နိုင်ငံတော်အားကစားအဖွဲ့မှ အားကစားစီမံကိန်း(၁၃)ခု၊ လူ(၂၆၄)ဦးတို့က တရုတ်နိုင်ငံသို့လာရောက်ပြီး ရက်(၉၀)ကြာ သင်တန်းတက်လေ့ကျင့်ခဲ့သည်။ ထို့အတူ တရုတ်နိုင်ငံမှနည်းပြဆရာ(၉)ဦးကို မြန်မာနိုင်ငံသို့ အချိန်တိုရက် (၂၀)သင်ကြားရန် စေလွှတ်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အားကစားစီမံကိန်း(၁၃)ခု၏ လေ့ကျင့်ရေးထောက်ပံ့ကိရိယာအချို့ကိုလည်း ထောက်ပံ့ပေးခဲ့သည်။ အစီအစဉ်အရယူနန်တွင် ဓားရေး၊ အပြေး၊ ကားလမ်းစက်ဘီး၊ BMXဘီးအသေးကား၊ အမျိုးသမီးဘော်လီဘော၊ အမျိုးသားဘက်စကက်ဘောစသည့် အားကစား(၆)ခု အားကစားသမားပေါင်း (၁၄၀)ဦးကျော်ကို ချိန်ကုန်စခန်း၊ ဟိုင်ကိန်စခန်းနှင့် ယူနန်ပြည်နယ်အားကစားအသက်မွေးဝမ်းကျောင်း နည်းပညာကောလိပ်တွင် လေ့ကျင့်ရန်ဧည့်ခံခဲ့သည်။

ယခုအကြိမ်သည် ၂၀၁၃ခုနှစ်နှင့် ၂၀၁၅ခုနှစ်တွင်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းနှင့်မြန်မာနိုင်ငံအတွက် အားကစားနည်းပညာထောက်ကူပြုပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို အောင်မြင်စွာ ကျင်းပလုပ်ဆောင်ပြီးသည့်နောက် မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံအစိုးရမှ တတိယအကြိမ်ထောက်ပံ့လုပ်ဆောင်ပေးသည့် အားကစားအမျိုးအစား နည်းပညာထောက်ကူပြုစီမံကိန်းဖြစ်ကြောင်း သိရှိရသည်။

(လိုရင်)

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝဘ်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn